# Network for Democracy and Development
## Documentation and Research Department

P.O Box 179, Mae Sod,Tak, 63110,Thailand. Tel : 66 81 7241281. E-mail : ndddrd07@csloxinfo.com


## အပတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
## အမှတ်စဉ် (၃၁၈)

### "၂၀၀၇ သို့မဟုတ် ကြောက်တရားအောက်က ရုန်းကန်ဖေါက်ထွက်လာတဲ့နှစ်"

မကြာခင် ၂၀၀၇ခုနှစ် ကုန်ဆုံးပြီး ၂၀၀၈ခုနှစ်ကို ကူးပြောင်းရောက်ရှိတော့မှာ ဖြစ်ပါတယ်။ အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးအဖြေရှာကြဖို့ ပြည်တွင်းပြည်ပက ဝိုင်းဝန်း တောင်းဆိုတိုက်တွန်းခဲ့ကြပေမဲ့ ၂၀၀၇ ခုနှစ်မှာ အများပြည်သူတွေ မျှော်လင့်တောင့်တနေတဲ့ ငြိမ်းချမ်းရေးရောင်ခြည်ကို မမြင်တွေ့ခဲ့ရပဲ ထိပ်တိုက်ရင်ဆိုင်မှုတွေ၊ သွေးထွက်သံယိုမှုတွေနဲ့ အဆုံးသတ်သွားခဲ့ရပြီ ဖြစ်ပါတယ်။

လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို ထပ်တလဲလဲ ကျူးလွန်ခဲ့တဲ့ နအဖစစ်အစိုးရကို အရေးယူနိုင်ဖို့အတွက် အမေရိကန်နိုင်ငံက ဦးဆောင်တင်သွင်းခဲ့တဲ့ မြန်မာ့အရေးဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၂၀၀၇ ဇန်နဝါရီလ (၁၀)ရက်နေ့မှာ မဲခွဲဆုံးဖြတ်ခဲ့ပေမဲ့ တရုတ်နဲ့ ရုရှားနိုင်ငံတွေက ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့ပြီးနောက် စစ်အစိုးရဟာ မြန်မာပြည်သူလူထုကို ပိုမိုပြီး ဗရမ်းဗတာဖိနှိပ်လာတာ တွေ့ရှိရပါတယ်။

ဖိနှိပ်ရာမှာလည်း ပြည်သူအချင်းချင်း ငါးကြင်းဆီနဲ့ ငါးကြင်းကျော်တဲ့ပုံစံမျိုးကို ပြောင်းလဲအသုံးပြုလာတာ တွေ့ရပါတယ်။ ကြံ့ဖွံ့တွေနဲ့ စွမ်းအားရှင်ဆိုသူ လူဆိုးလူမိုက်တွေကို ဒုတ်၊ ဒါး လက်နက်တွေ ကိုင်ဆောင်ခိုင်းပြီး ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး တောင်းဆိုလှုပ်ရှားသူတွေကို ခြိမ်းခြောက် အကြမ်းဖက်တိုက်ခိုက်ရာမှာ ပြောင်ပြောင်တင်းတင်း အသုံးချခဲ့တာကို တွေ့ရပါတယ်။ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်အဖွဲ့ချုပ်က ကျင်းပပြုလုပ်ဖို့စီစဉ်ထားတဲ့ လွတ်လပ်ရေးအောင်ပွဲအခမ်းအနားကို ရာနဲ့ချီတဲ့ ကြံ့ဖွံ့တွေ၊ စွမ်းအားရှင်ဆိုသူတွေကို အသုံးပြုပြီး အကြမ်းဖက်နှောက်ယှက်တာတွေ ပြုလုပ်ခဲ့ပါတယ်။ ရွှေတိဂုံဘုရားမှာ အပတ်စဉ်အင်္ဂါနေ့တိုင်း ဝတ်ပြုဆုတောင်းသူတွေကို ရာနဲ့ချီတဲ့ကြံ့ဖွံ့တွေ၊ စွမ်းအားရှင်တွေက တားဆီးနှောက်ယှက်ခဲ့ကြတဲ့အပြင် ဇန်နဝါရီလ(၁၆)ရက်နေ့မှာတော့ အဖွဲ့ချုပ်လူငယ် ကိုသန့်ဇော်ဦးကို ပါးရိုက်ပြီး ကိုယ်ထိလက်ရောက် စော်ကားခဲ့ပါတယ်။ ဧပြီလ(၁၈)ရက်နေ့မှာ **HRDP** ခေါ် လူ့အခွင့်အရေးကာကွယ်မြှင့်တင် သူများကွန်ယက် အဖွဲ့ဝင်တွေကို ဧရာဝတီတိုင်း ဟင်္သာတမြို့နယ်မှာ နေ့ခင်းကြောင်တောင် လူစုလူဝေးနဲ့ ဝိုင်းဝန်းရိုက်နှက်ခဲ့ကြပါတယ်။ ဇွန်လ(၁၅)ရက်နေ့မှာ ဝတ်ပြုဆုတောင်းရာကပြန်လာတဲ့ မန္တလေးတိုင်း မတ္တရာမြို့နယ် အဖွဲ့ချုပ်ပြည်သူ့လွှတ်တော်စားလှယ် ဦးသန်းလွင်(၇၀နှစ်)ရဲ့ မျက်နှာကို စွမ်းအားရှင်အမည်ခံ အကြမ်းဖက်သမားတစ်ဦးက သံလက်သီးနဲ့ထိုးခဲ့ပါတယ်။နောက်ပိုင်းဖြစ်ပွားခဲ့တဲ့ သြဂုတ်၊ စက်တင်ဘာဆန္ဒပြပွဲတွေမှာလည်း လုံထိန်းရဲတွေ၊ စစ်တပ်တွေနဲ့တွဲပြီး ဆန္ဒပြ သံဃာတော်တွေနဲ့ ပြည်သူလူထုကို အကြမ်းဖက် ရိုက်နှက်လူစုခွဲရာမှာ၊ ဘုန်းတော်ကြီးကျောင်းတွေနဲ့ စာသင်တိုက်တွေကို အင်အားသုံး ဝင်ရောက်စီးနင်းသိမ်းပိုက်ရာမှာလည်း ကြံ့ဖွံ့နဲ့စွမ်းအားရှင်တွေကို တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့တာ တွေ့ရပါတယ်။

ဒ့ါအပြင် နိုင်ငံရေး စင်ပြိုင်အဖွဲ့တွေ၊ ဂိုဏ်းကွဲတွေကို စနစ်တကျ ထူထောင်ဖွဲ့စည်းပေးပြီး တန်ပြန်နိုင်ငံရေးလှုပ်ရှားမှုတွေ ပြုလုပ်ခိုင်းခဲ့တာ တွေ့ရပါတယ်။ အေးလွင် ဆိုသူခေါင်းဆောင်တဲ့ ၈၈ မျိုးဆက်သစ်ကျောင်းသားများအဖွဲ့ (ပြည်ထောင်စုမြန်မာနိုင်ငံ)၊ ဒေါက်တာစိုးလင်းဆိုသူ ခေါင်းဆောင်တဲ့ ဝံသာနု **NLD** (ပြည်ထောင်စုမြန်မာနိုင်ငံ)၊ အလံနီကွန်မြူနစ် လူထွက်ဟောင်းတစ်စု ဦးဆောင်တဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး သုတေသနနှင့်တိုးချဲ့ထုတ်လုပ်ရေး ကျောင်းတော်သားစု၊ ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒ ကျောင်းတော်သားစု၊ နိုင်ငံရေးဘောဂဗေဒလေ့လာရေး မျိုးဆက်သစ်ကျောင်းတော်သားစု တွေအပြင် **NLD** သင်းကွဲ လွှတ်တော်ကိုယ်စားလှယ်အုပ်စု တွေကို ပွဲထုတ်ပေးပြီး ရန်ကုန်မြို့လည်က အမေရိကန်

သံရုံးနဲ့ ဗြိတိသျှသံရုံးတွေရှေ့မှာ (၃)ရက်ဆက်တိုက် စီတန်းလှည့်လည် ဆန္ဒပြခိုင်းတာတွေအပါအဝင် အဖွဲ့ချုပ်ဆန့်ကျင်ရေး၊ အနောက်အုပ်စုဆန့်ကျင်ရေး၊ နအဖရဲ့အမျိုးသားညီလာခံ ကြိုဆိုထောက်ခံရေး စည်းရုံးဟောပြောတဲ့ လှုပ်ရှားမှုတွေကို တစ်ပြည်လုံးမှာ လွှတ်လွှတ်လပ်လပ် လုပ်ဆောင်ခိုင်းခဲ့ပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တာဝန်ရှိသူအားလုံး တွေ့ဆုံဆွေးနွေးကြဖို့ ပြည်တွင်းပြည်ပက အကြိမ်ကြိမ်တိုက်တွန်းနိုးဆော်ခဲ့ပေမဲ့ စစ်အစိုးရကတော့ “ဘယ်သူ့အတွက် ဒိုင်ယာလော့ဂ်လဲ၊ ဘာအတွက် ဒိုင်ယာလော့ဂ်လဲ၊ ကျွန်စော်နံတဲ့ ဒိုင်ယာလော့ဂ်မျိုးတော့ ဝေးရာမဏီပါပဲ”၊ “တွေ့ဆုံဆွေးနွေးရေး၊ တွေ့ဆုံဆွေးနွေးရေးဟု ဆိုကာ”၊ စတဲ့ တွေ့ဆုံဆွေးနွေးရေးကိုဆန့်ကျင်တဲ့ ဆောင်းပါးတွေနဲ့သာ တုန့်ပြန်ခဲ့တာ တွေ့ရှိရပါတယ်။ နောက်ဆုံးမှာ နိုင်ငံတကာက ဖိအားတွေ ပိုပေးလာတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးပွဲမယ်လို့ နအဖက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီကို ကတိပေးခဲ့ရပေမဲ့ ဒေါ်အောင်ဆန်းစုကြည်က ထိပ်တိုက်ရင်ဆိုင်မှုတွေကို စွန့်လွှတ်ကြောင်း တရားဝင်ကြေညာမှသာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် တွေ့နိုင်မယ်ဆိုပြီး နအဖက အောက်တိုဘာ(၄)ရက်နေ့မှာ ကြေညာချက်အမှတ် ၁/၂၀၀၇ကို ထုတ်ပြန်ခဲ့ပါတယ်။ ပြည်တွင်းပြည်ပကို ထပ်မံလှည့်စားဖို့အတွက် အလုပ်သမားဝန်ကြီးဌာန ဒုဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်ကို ကြားခံဆက်သွယ်ရေးဝန်ကြီးအဖြစ် အောက်တိုဘာ(၈)ရက်နေ့မှာ ခန့်အပ်ပြခဲ့ပေမဲ့ အောက်တိုဘာ(၂၅)ရက်နေ့မှ နိုဝင်ဘာ(၁၉)ရက်နေ့အတွင်း ဒေါ်အောင်ဆန်းစုကြည်နဲ့ (၃)ကြိမ်သာတွေ့ဆုံခဲ့ပြီး နောက်ပိုင်းမှာ တွေ့ဆုံဆွေးနွေးမှုတွေကို ရပ်ဆိုင်းပစ်ခဲ့တာ တွေ့ရပါတယ်။

ဒီကာလအတွင်း နအဖသတင်းစာတွေမှာ “လမ်းကြောင်းပြောင်းမည်မဟုတ်” ဆိုတဲ့ ဆောင်းပါးကို ဖော်ပြခဲ့ပြီး၊ နအဖရဲ့လမ်းပြမြေပုံကို ထောက်ခံသူတွေ နိုင်ငံတော်သစ်ထူထောင်ရာမှာ အတူလိုက်ခဲ့ကြဖို့နဲ့ မထောက်ခံသူတွေကို ချေမှုန်းပစ်ကြဖို့ လှုံ့ဆော်မှုတွေပြုလုပ်ခဲ့ပါတယ်။ အောက်တိုဘာ(၁၈)ရက်နေ့မှာ တရားသူကြီးချုပ် ဦးအောင်တိုး ခေါင်းဆောင်တဲ့ အဖွဲ့ဝင်(၅၄)ဦးပါ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင်ကလည်း “နိုင်ငံတော်ရှေ့ဆက်သွားရမဲ့ မူဝါဒလမ်းစဉ်(၇)ရပ်ဟာ နိုင်ငံတော်သစ်ကြီးအဖြစ် ညင်သာစွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် တစ်ခုတည်းသောနည်းလမ်းဖြစ်တယ်၊” လို့ နိုဝင်ဘာ(၁၆)ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ကြံ့ဖွံ့အသင်းရဲ့ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၇)ရဲ့ စတုတ္ထနေ့အခမ်းအနားမှာ လမ်းညွှန်ပြောဆိုခဲ့ပါတယ်။

နအဖဟာ ၂၀၀၇ ခုနှစ်အတွင်းမှာလည်း **NLD** ကို အပြင်းအထန် ဖိနှိပ်ချေမှုန်းခဲ့တာ တွေ့ရပါတယ်။ ဖေဖော်ဝါရီ(၇)ရက်နေ့ထုတ် နအဖသတင်းစာတွေမှာ “အဖွဲ့ချုပ်သည် အင်အားကြီးအနောက် နိုင်ငံတချို့နှင့် အလွန်နီးစပ်လွန်းသည့်အတွက် ပါတီဖျက်သိမ်းခံရမည့်အချိန် နီးကပ်လာနေပြီ” ဆိုပြီး ခြိမ်းခြောက်ရေးသားတာတွေ ပြုလုပ်ခဲ့သလို ဖေဖော်ဝါရီ(၁၆)ရက်နေ့ထုတ် သတင်းစာတွေမှာလည်း “**CRPP** ၏ ပြည်ထောင်စုနေ့ကြေညာချက်ပါ တွေ့ဆုံဆွေးရန်တောင်းဆိုချက်ကို လက်ခံနိုင်ဖွယ်မရှိကြောင်း၊ လွှတ်တော်ခေါ်ယူပေးရေးတောင်းဆိုမှုမှာလည်း ကျိုးကြောင်းဆီလျော်မှု မရှိကြောင်း” ဆိုပြီး ရေးသားခဲ့ပါတယ်။ “အမျိုးသားနိုင်ငံရေးဖြစ်စဉ်ကြီးထဲမှာ အင်န်အယ်ဒီကို ချန်ထား ရစ်ခဲ့တာအကောင်းဆုံး”၊ “**Date Out** သွားပြီဖြစ်သော ၁၉၉၀ ရွေးကောက်ပွဲရလဒ်”၊ “**NLD** ၏ မထူးသော အထူးကြေညာချက်”၊ “အန်တီစုသို့အိပ်ဖွင့်ပေးစာ၊ အန်တီစု လာရာလမ်းကိုပြန်သွားပါ”စတဲ့ ဆောင်းပါးတွေနဲ့လည်း အဖွဲ့ချုပ်ဆန့်ကျင်ရေး၊ ဒေါ်အောင်ဆန်းစုကြည် ဆန့်ကျင်ရေး၊ တွေ့ဆုံဆွေးနွေးမှုဆန့်ကျင်ရေးတွေကို တစိုက်မတ်မတ် ပြုလုပ်ခဲ့တာတွေ့ရပါတယ်။

နအဖဝန်ကြီးအဖွဲ့နဲ့ ကြံ့ဖွံ့အဖွဲ့မှာ ဩဇာရှိပြီး သဘောထားတင်းမာသူတစ်ဦးဖြစ်တဲ့ နအဖ စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း က ကုလားမ (ဒေါ်အောင်ဆန်းစုကြည်) ကို ဘယ်တော့မှ အာဏာလွှဲမပေးဘူး၊ အမေရိကန်နဲ့ အင်္ဂလိပ်တွေ ကျူးကျော်လာရင် ငါကိုယ်တိုင် လက်နက်ကိုင်တိုက်မယ်လို့ ဖေဖော်ဝါရီလ(၁၂)ရက်နေ့မှာ မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ညောင်ကုန်းကျေးရွာမှာ ကြံ့ဖွံ့အဖွဲ့ဝင်တွေကို စည်းရုံးလှုံ့ဆော် ပြောဆိုခဲ့ပါတယ်။ ရဲချုပ်ခင်ရီကလည်း ဖေဖော်ဝါရီလ(၁၅)ရက်နေ့မှာ **CRPP** ဥက္ကဌ ဦးအောင်ရွှေနဲ့ အတွင်းရေးမှူး ဦးအေးသာအောင် တို့ကို ခေါ်ယူတွေ့ဆုံခဲ့ပြီး **CRPP** ဟာ တရားဝင်အဖွဲ့အစည်းမဟုတ်တဲ့အတွက် ၁၉၈၈ခုနှစ် အသင်းအပင်းအက်ဥပဒေအရ ထောင်ဒဏ်(၅)နှစ်အထိ ချမှတ်အရေးယူနိုင်တယ်လို့ ခြိမ်းခြောက်ပြောဆိုခဲ့တဲ့အပြင် **NLD** အနေနဲ့ ကြေညာချက်တွေကို လူသိရှင်ကြား ထုတ်ပြန်ခြင်းမပြုလုပ်ဖို့၊ ဆက်လက်ကျူးလွန်နေမယ်ဆိုရင် **NLD** ပါတီကိုပါ ပိတ်ပစ်မယ်ဆိုပြီး ခြိမ်းခြောက်ပြောဆိုတာတွေ ပြုလုပ်ခဲ့ပါတယ်။ ဖမ်းဆီးခံနေရတဲ့ အဖွဲ့ချုပ်ခေါင်းဆောင် သူရဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်၊ ဒေါက်တာချမ်းငြိမ်းနဲ့ ဒေါက်တာဒေါ်မေဝင်းမြင့် တို့ကို ပြန်လွှတ်မပေးတဲ့အပြင် ပြစ်ဒဏ်သက်တမ်းတွေ ထပ်မံတိုးမြှင့်ခဲ့ပါတယ်။ အဖွဲ့ချုပ်ပါတီဝင်တွေကိုလည်း နည်းလမ်း(၆)သွယ်နဲ့ ဖိအားပေးပြီး အတင်းအကျပ်နုတ်ထွက်ခိုင်းတာတွေ ဆက်လက်ပြုလုပ်ခဲ့တာ တွေ့ရပါတယ်။

နအဖစစ်အစိုးရဟာ တိုင်းပြည်ရဲ့ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတတွေကို ရှိသမျှအကုန်ထုတ်ရောင်းခဲ့ပေမဲ့ ပြည်သူလူထုရဲ့ စားဝတ်နေရေးကိုတော့ သက်သာချောင်ချိအောင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိခဲ့ပါဘူး။ လူပေါင်းသန်း(၁၀၀)အတွက် ဆန်စပါး အလုံအလောက်ရှိကြောင်း ဝါဒဖြန့်ပြောဆိုမှုတွေကို အဆက်မပြတ် ပြုလုပ်နေပေမဲ့ ဇန်နဝါရီလလည်ပိုင်းကစပြီး စပါးဈေးတွေဟာ စပါးမျိုးကိုလိုက်ပြီး တင်း(၁၀၀)ကို အနိမ့်ဆုံး ကျပ်(၄သိန်း၇သောင်း)မှ ကျပ်(၅သိန်း၈သောင်း) အထိ မြင့်တက်လာခဲ့ပါတယ်။ ဒီဈေးနှုန်းဟာ တလအတွင်း စပါးတင်းတစ်ရာကို ကျပ်(၇)သောင်းအထိ မြင့်တက်သွားခဲ့တာ ဖြစ်ပါတယ်။ လောင်စာဆီဈေးနှုန်းတွေနဲ့ အခြေခံစားကုန်၊ လူသုံးကုန် ဈေးနှုန်းတွေဟာလည်း အလားတူ အဆမတန် မြင့်တက်လာခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေအနေဟာ အချိန်မရွေး ပြိုကွဲသွားနိုင်တဲ့ (၂၆)နိုင်ငံစာရင်းထဲမှာ ပါဝင်နေပြီလို့ (အိုင်အီးဂျီ) သုတေသီအဖွဲ့က ဇန်နဝါရီလ(၁၀)ရက်နေ့မှာ ထုတ်ဖော်သတိပေးရတဲ့အထိ အခြေအနေတွေ ဆိုးဝါးလာခဲ့ပါတယ်။ ရွှေဈေးတွေကလည်း ၂၀၀၆ခုနှစ် မတ်လမှာ အခေါက်ရွှေ တစ်ကျပ်သားကို ကျပ်(၃၅၄,၀၀၀)ဈေးနှုန်း ရှိရာက ၂၀၀၇နှစ် မတ်လ(၁)ရက်နေ့မှာ (၄၄၇,၀၀၀)အထိ ကျပ်တစ်သိန်းနီးပါး ဈေးတက်လာခဲ့ပါတယ်။ ငွေကြေးဖေါင်းပွမှုနဲ့ ကုန်ဈေးနှုန်း ကြီးမြင့်မှုတွေဟာ လွန်ခဲ့တဲ့နှစ်ကထက် (၆၀)ရာခိုင်နှုန်းအထိ တိုးလာခဲ့တယ်လို့ ပြည်တွင်းမှာ စစ်တမ်းကောက်ယူခဲ့တဲ့ **Weekly Eleven** စာစောင်က ဖေဖော်ဝါရီလနောက်ဆုံးပတ်မှာ ရေးသားဖေါ်ပြခဲ့တာ တွေ့ရပါတယ်။

ဒီပြဿနာတွေကို ပြေလည်အောင် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းမရှိတဲ့ နအဖစစ်အစိုးရက ဈေးနှုန်းမတင်ဖို့ သက်ဆိုင်ရာကုန်သည်ကြီးများအသင်းတွေကို ဖိအားပေးခြိမ်းခြောက်မှုတွေ အကြိမ်ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ကုန်ဈေးနှုန်းတွေ ကျဆင်းအောင် ပြုလုပ်မပေးနိုင်တဲ့စစ်အစိုးရက ဩဂုတ်လ(၁၄)ရက်နေ့ည သန်းခေါင်ယံအချိန်မှာ လောင်စာဆီဈေးနှုန်းတွေကို ရုတ်တရက် တိုးမြင့်ခဲ့ပါတယ်။ ဓါတ်ဆီ တစ်ဂါလံကို ကျပ်(၁,၅၀၀)မှ (၂,၅၀၀)၊ ဒီဇယ်တစ်ဂါလံကို ကျပ်(၁,၅၀၀)မှ (၃,၀၀၀)၊ **CMG** တစ်ယူနစ်ကို (၅၇)ကျပ်မှ (၂၇၂ . ၂၅)ကျပ်အထိ၊ အသီးသီးတိုးမြှင့်လိုက်တဲ့အတွက် သယ်ယူပို့ဆောင်ခစားရိတ်တွေနဲ့ အထွေထွေ ကုန်ဈေးနှုန်းတွေလည်း ထပ်ပြီး ခုန်တက်သွားခဲ့ပါတယ်။ စစ်အစိုးရအသုံးစားရိတ် ဘတ်ဂျက်လိုငွေပြမှုကို ကာမိအောင်လည်း အခွန်အကောက်တွေကို ဆက်လက်ပြီး အဆမတန် တိုးမြှင့်ကောက်ခံခဲ့တာ တွေ့ရပါတယ်။

“ငါဘုရင် ငါထင်သလိုလုပ်မယ်” ဆိုတဲ့ပုံစံမျိုးနဲ့ ရမ်းကားချင်တိုင်း ရမ်းကားနေတဲ့ စစ်အစိုးရကို သီးမခံနိုင်တော့တဲ့ မြန်မာပြည်သူတွေကလည်း ဒီနှစ်အတွင်းမှာ အကြောက်တရားလွှမ်းမိုးမှုတွေအောက်က ကြိုးစားပြီး ရုန်းကန်ထွက်လာကြတာကို တွေ့ရပါတယ်။ ဇန်နဝါရီလ(၁၈)ရက်နေ့မှာ ဝါရင့်နိုင်ငံရေးသမားကြီးတွေက ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေလက်ကို အမျိုးသားလွတ်လပ်ရေးတိုက်ပွဲဝင် ဒို့ဗမာအစည်းအရုံးရဲ့ သုံးရောင်ခြယ်ဒေါင်းအလံနဲ့ ဖက်ဆစ်တော်လှန်ရေး အလံ(၂)လက်ကို အခမ်းအနားနဲ့ လွှဲပြောင်းပေးအပ်ပြီး တော်လှန်ရေးတာဝန်တွေကို လက်ဆင့်ကမ်း ပေးအပ်ခဲ့ပါတယ်။ ၈၈မျိုးဆက်ကျောင်းသားတွေ၊ အဖွဲ့ချုပ်ပါတီဝင်တွေ၊ အဖွဲ့ချုပ်လူငယ်တွေ၊ အဖွဲ့ချုပ်အမျိုးသမီးအဖွဲ့ဝင်တွေနဲ့ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေဟာ စစ်အုပ်စုက ရက်ရက်စက်စက် ဖိနှိပ်နေတဲ့ကြားက အပါတ်စဉ် အင်္ဂါနေ့ ဆုတောင်းမေတ္တာပို့ပွဲတွေ၊ ပြည်သူ့ရင်ဖွင့်သံ လှုပ်ရှားမှုတွေ၊ အဖမ်းခံရတဲ့ နိုင်ငံရေးသမားတွေရဲ့နေအိမ်တွေကို သွားရောက်အားပေးတဲ့ အဖြူရောင် တနင်္ဂနွေလှုပ်ရှားမှုတွေကို ဆက်တိုက်ပြုလုပ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကော်မတီ **(MDC)** ကလည်း ကုန်ဈေးနှုန်းကျဆင်းရေး ဆန္ဒပြပွဲတွေကို အရှိန်မြှင့် ဆင်နွှဲခဲ့ပါတယ်။ လူ့အခွင့်အရေးကာကွယ်မြင့်တင်သူများကွန်ယက် **(HRDP)** ကလည်း လူ့အခွင့်အရေးပညာပေးတဲ့ လှုပ်ရှားမှုတွေကို တိုးချဲ့လုပ်ကိုင်လာပါတယ်။ ဖဲကြိုးနီသူငယ်ချင်းများအဖွဲ့ကလည်း နအဖရဲ့ လစ်လျူရှုထားမှုကို ခံနေရတဲ့ **AIDS** ဝေဒနာရှင်တွေကို ပြုစုစောင့်ရှောက်တာတွေ လုပ်ခဲ့ပါတယ်။ ရှေ့နေကြီး ဦးအေးမြင့် ဦးဆောင်တဲ့ လမ်းပြကြယ်အဖွဲ့ကလည်း ဖိနှိပ်ခံနေရတဲ့ပြည်သူလူထုရဲ့ နစ်နာချက်တွေကို ဥပဒေကြောင်းအရ ဖေါ်ထုတ်တင်ပြ တောင်းဆိုတာတွေ ပြုလုပ်ခဲ့ပါတယ်။

**CRPP** အပါအဝင် တိုင်းရင်းသားနိုင်ငံရေးပါတီတွေကလည်း စစ်အစိုးရကို အကြံပြုတောင်းဆိုတာတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဝါရင့်နိုင်ငံရေးသမားကြီးတွေအပါအဝင် ရှမ်းဝါရင့်နိုင်ငံရေးခေါင်းဆောင် ဦးရွှေအုန်း၊ အမျိုးသားရေး ဦးဝင်းနိုင် စတဲ့ တာဝန်သိ နိုင်ငံရေးသမားကြီးတွေကလည်း စစ်အစိုးရရဲ့လုပ်ရပ်တွေကို ပွင့်ပွင့်လင်းလင်း ထောက်ပြသတိပေးတာတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဇန်နဝါရီလကစပြီး ဦးဂမ္ဘီရ ခေါင်းဆောင်တဲ့ ရဟန်းပျိုသမဂ္ဂ(ရန်ကုန်) က စစ်အစိုးရရဲ့ ဘာသာရေးဖိနှိပ်မှုတွေကို ဝေဖန်သတိပေးတာတွေ ပြုလုပ်ခဲ့ပါတယ်။ လယ်သမား၊ အလုပ်သမားတွေကလည်း သူတို့ရဲ့နစ်နာချက်တွေကို တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ၊ ထုတ်ဖေါ်ပြောဆို တိုင်ကြားတာတွေ၊ ဆန္ဒဖေါ်ထုတ်ပြသတာတွေ လုပ်လာကြပါတယ်။ ဖေဖော်ဝါရီလ(၅)ရက်နေ့မှာ စတင်ခဲ့တဲ့ မကွေးတိုင်း ချောက်မြို့က အခွန်အကောက်တိုးမြှင့်ကောက်ခံမှုဆန့်ကျင်ရေး ကန့်ကွက်ဆန္ဒပြမှုတွေဟာ ရေနံချောင်း၊ ပခုက္ကူ၊ ရေစကြို၊ အောင်လံ၊ မိတ္ထီလာ၊ ခရမ်း၊ ညောင်လေးပင်၊ ဒိုက်ဦးမြို့တွေကိုသာမက စင်္ကာပူနိုင်ငံရောက် မြန်မာအလုပ်သမားတွေအထိ ပြန့်နှံ့သွားခဲ့တာ တွေ့ရပါတယ်။ နောက်ပိုင်းမှာ မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့သမဂ္ဂ

(မြန်မာနိုင်ငံ)၊ ရဟန်းပျိုသမဂ္ဂအဖွဲ့(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂများအဖွဲ့ချုပ်၊ သောတုဇနဘိက္ခု၊ မစိုးရိမ်တိုက် ရဟန်းသံဃာများ (စမ်းချောင်း)၊ စတဲ့ သံဃာ့အဖွဲ့အစည်းတွေအပါအဝင် ကျောင်းသား၊ လူငယ်၊ အလုပ်သမား၊ လယ်သမားနဲ့ အိမ်ရှင်မ၊ စတဲ့ လူထုလူတန်းစား အလွှာတွေအတွင်းမှာ လျို့ဝှက်အဖွဲ့အစည်းတွေ ထူထောင်ပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် လှုပ်ရှားမှုတွေကို လုပ်ဆောင်လာကြတာ တွေ့ရပါတယ်။ နအဖကလည်း သာကီမျိုးဟော့ဒို့ဗမာ၊ ခေတ်သစ်ဒီမို၊ ဒီမိုဗကသ၊ ခေတ်သစ်မျိုးချစ်ဗကသ၊ ဝံသာနု ဗကသ၊ ဆူပူမှုကို မလိုလားသူများ အစရှိတဲ့ အမည်အမျိုးမျိုးကို အသုံးပြုပြီး ဒီမိုကရေစီဆန့်ကျင်ရေး အဖျက်အမှောင့်လုပ်ငန်းတွေကို တန်ပြန်လုပ်ဆောင်ခဲ့တာ တွေ့ရပါတယ်။

၂၀၀၇ခုနှစ်အတွင်း မြန်မာတစ်ပြည်လုံးမှာ တစ်ကိုယ်တော် ကန့်ကွက်ဆန္ဒပြပွဲတွေ (၁၃)ကြိမ်အထိ ဖြစ်ပွားခဲ့ပါတယ်။ စစ်အစိုးရက ဩဂုတ်လ(၁၄)ရက်နေ့ညမှာ လောင်စာဆီဈေးနှုန်းတွေ တိုးမြင့်လိုက်တဲ့အပေါ် ဩဂုတ်လ(၁၇)ရက်နေ့ကစပြီး ဆန္ဒပြမှုတွေ စတင်ဖြစ်ပွားလာခဲ့ပါတယ်။ စက်တင်ဘာ(၅)ရက်နေ့ ပခုက္ကူမြို့က သံဃာတော်တွေရဲ့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆုတောင်းမေတ္တာပို့တဲ့ ဆန္ဒပြမှုကို အာဏာပိုင်တွေက အကြမ်းဖက်ဖြိုခွဲရာက တစ်ပြည်လုံးအုံကြွပြီး သံဃာတော်တွေ ဦးဆောင်တဲ့ ရွှေဝါရောင်တော်လှန်ရေး ဆန္ဒပြလှုပ်ရှားမှုတွေနဲ့ ပတ္တနိကုဇ္ဇန ကံဆောင်တဲ့လှုပ်ရှားမှုတွေ ဆက်တိုက်ဖြစ်ပွားခဲ့ပါတယ်။၂၀၀၇ခုနှစ် ဩဂုတ်လ(၁၇)ရက်နေ့မှ နှစ်ကုန်တဲ့အထိ တစ်ပြည်လုံးမှာရှိတဲ့ တိုင်းနဲ့ပြည်နယ် (၁၄)ခုက မြို့ကြီးမြို့ငယ် (၁၄)ခုမှာ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒပြမှုပေါင်း (၂၃၆)ကြိမ် ဖြစ်ပွားခဲ့ပြီး ဒီလှုပ်ရှားမှုအတွင်းမှာ သံဃာတော် (၃)သိန်းကျော်နဲ့ ပြည်သူ(၂)သန်းကျော်လောက် ပါဝင်ခဲ့တယ်လို့ ခန့်မှန်းရပါတယ်။ ရွှေဝါရောင်တော်လှန်ရေးဟာ ၂၀၀၇ခုနှစ်ရဲ့ နိုင်ငံတကာသတင်းမီဒီယာတွေမှာ ထိပ်တန်းသတင်းတစ်ခုဖြစ်ခဲ့ပြီး တစ်ကမ္ဘာလုံးက အာရုံစိုက်တာကို ခံခဲ့ရပါတယ်။

စက်တင်ဘာ (၂၆)၊ (၂၇)ရက်နေ့တွေကစပြီး လုံခြုံရေးတပ်ဖွဲ့တွေက အကြမ်းဖက် ပစ်ခတ်ဖြိုခွဲခဲ့တဲ့အတွက် သေကျေဒဏ်ရာရရှိမှုတွေနဲ့ ဖမ်းဆီးခံရသူတွေ အများအပြား ရှိခဲ့ပါတယ်။ စစ်အစိုးရက ဆန္ဒပြပွဲအတွင်း သေဆုံးသူ (၁၁)ဦး၊ ဖမ်းဆီးထားစဉ် သေဆုံးသူ(၄)ဦးရှိကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူ(၃၀)ကို ရန်ကုန်ဆေးရုံကြီးမှာ ဆေးကုသပေးခဲ့ကြောင်း၊လူ (၂,၉၂၇)ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း၊ ဒါပေမဲ့ အများအပြားကို ပြန်လွှတ်ပေးခဲ့ပြီး လူ(၉၁)ဦးကိုသာ တရားစွဲဆိုဖို့ ဆက်လက်ဖမ်းဆီးထားကြောင်း၊ တရားဝင်ပြောဆိုခဲ့ပေမဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာပီညဲရိုးရဲ့ အစီရင်ခံစာမှာတော့ သေဆုံးသူအရေအတွက်ဟာ အနည်းဆုံး (၃၁)ဦးအထိရှိပြီး ထိခိုက်ဒဏ်ရာရရှိသူနဲ့ အဖမ်းခံရသူအရေအတွက်ဟာလည်း ဒီထက်ပိုများနိုင်တယ်လို့ ဖေါ်ပြခဲ့ပါတယ်။

စစ်အစိုးရဲ့ဖိနှိပ်မှုတွေကြောင့် ၂၀၀၇ခုနှစ်အတွင်းမှာ နအဖအပေါ် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာရဲ့ဖိအားတွေလည်း သိသိသာသာ ပိုများလာတာကို တွေ့ရပါတယ်။ မြန်မာ့အရေးအတွက် အောက်တိုဘာလအတွင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ အစည်းအဝေး(၃)ကြိမ်အထိ ပြုလုပ်ခဲ့တာ တွေ့ရပါတယ်။ နှစ်ကုန်ပိုင်းမှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းကိုယ်တိုင်က နအဖအပေါ် နိုင်ငံတကာရဲ့ စိတ်ရှည်သီးခံနိုင်မှုတွေ ကုန်ဆုံးလာနေပြီလို့ ထုတ်ဖေါ် သတိပေးခဲ့တာ တွေ့ရပါတယ်။ အမေရိကန်နဲ့ အီးယူနိုင်ငံတွေကလည်း စီးပွားရေးပိတ်ဆို့အရေးယူမှုတွေကို ထပ်မံတိုးမြှင့်ခဲ့ပြီး ကနေဒါနဲ့ ဩစတေးလျှနိုင်ငံတွေကပါ စစ်အစိုးရအပေါ် ပိတ်ဆို့အရေးယူမှုတွေ ပြုလုပ်လာတာ တွေ့ရပါတယ်။ ဂျပန်နိုင်ငံကလည်း သတင်းထောက် **Kenji Nagai** ရန်ကုန်မြို့မှာ အနီးကပ်ပစ်သတ်ခံရမှုကြောင့် နအဖစစ်အုပ်စုအပေါ် အကူအညီတချို့ ဖြတ်တောက်တာတွေ စတင်ပြုလုပ်လာတာ တွေ့ရပါတယ်။ နအဖကို ကာကွယ်ပေးနေတဲ့ တရုတ်နိုင်ငံကလည်း အမေရိကန်နိုင်ငံ အရှေ့အာရှနဲ့ ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး **Mr. Eric John** နဲ့ ဗိုလ်မှူးချုပ်ကျော်ဆန်း ခေါင်းဆောင်တဲ့ နအဖ ကိုယ်စားလှယ်အဖွဲ့တို့ကို ဇွန်လအတွင်း ပီကင်းမြို့မှာ လျို့ဝှက်ပြီး တွေ့ဆုံဆွေးနိုင်အောင် ကူညီပေးလာတာ တွေ့ရပါတယ်။

ဒါကြောင့် ၂၀၀၇ ခုနှစ်အတွင် တိုးတက်ဖြစ်ထွန်းခဲ့တဲ့ နိုင်ငံရေးဖြစ်စဉ်တွေကို လေ့လာသုံးသပ်ကြည့်မယ်ဆိုရင် နအဖဟာ ပြည်တွင်းပြည်ပက တောင်းဆိုတိုက်တွန်းနေတဲ့ အမျိုးသားရင်ကြားစေ့ရေး၊ တွေ့ဆုံဆွေးနွေးအဖြေရှာရေးဆိုတဲ့ အေးချမ်းစွာ ဖြေရှင်းတဲ့နည်းလမ်းတွေကို လုံးဝကျောခိုင်းလိုက်ပြီး စစ်အာဏာရှင်စနစ် တရားဝင်ဖြစ်ရေးနဲ့ တည်မြဲရေးအတွက် သူတို့စိတ်ကြိုက်ရေးဆွဲထားတဲ့ နိုင်ငံရေးလမ်းပြမြေပုံအတိုင်း မမိုတ်မသုံ ဆက်သွားဖို့၊ အတားအဆီး အနှောက်အယှက်အားလုံးကို ထိပ်တိုက်ရင်ဆိုင်ချေမှုန်းဖို့ အခိုင်အမာ ဆုံးဖြတ်ထားပြီဆိုတာ မြင်တွေ့နေရသလို၊ မြန်မာပြည်သူလူထုကလည်း သူတို့ရဲ့လွတ်မြောက်ရေးနဲ့ နောင်လာနောက်သားတွေရဲ့ အနာဂါတ်အတွက် အကြောက်တရားအောက်က ရုန်းကန်ထွက်ပြီး စစ်အာဏာရှင်စနစ်ကို မြန်မာပြည်ကနေ ဖယ်ရှားပစ်နိုင်အောင် သက်စွန့်ကြိုးပမ်း အားထုတ်နေကြတာကို တွေ့မြင်ရပါတယ်။

လာမဲ့ ၂၀၀၈ ခုနှစ်အတွင်းမှာ နအဖစစ်အုပ်စုဟာ သူတို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုနိုင်အောင် အတင်းအကျပ် ပြုလုပ်တော့မှာဖြစ်လို့ စစ်အာဏာရှင်စနစ်ကို အပြီးအပိုင်တိုက်ဖျက်ဖို့ ကြိုးပမ်းနေတဲ့ မြန်မာပြည်သူတွေနဲ့ ထိပ်တိုက်ရင်ဆိုင်မှုတွေ၊ သွေးထွက်သံယိုဖြစ်မှုတွေ၊ မလွဲမသွေ ထပ်မံဖြစ်ပွားလာနိုင်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

***End of report/ Saturday, December 29, 2007***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

မိတ်ဆွေများခင်ဗျား–

မိမိတို့ သုတေသနနှင့် မှတ်တမ်းတင်ဌာန (ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု) အနေဖြင့် မြန်မာနိုင်ငံနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ၊ အထောက်အထားများကို စနစ်တကျ သိမ်းဆည်းမှတ်တမ်းတင်နေပါသဖြင့် လူကြီးမင်းတို့၏ အဖွဲ့အစည်းများမှ ထုတ်ဝေဖြန့်ချိသော စာအုပ်များ၊ စာတမ်းများ၊ သတင်းများ၊ ထုတ်ပြန်ကြေညာချက်များ၊ သတင်းဓာတ်ပုံများ၊ ပြက္ခဒိန်များကို ပေးပို့ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သုတေသနနှင့် မှတ်တမ်းတင်ဌာန
ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု